**၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့၌ Rose Garden Hotel ၊ ရန်ကုန်တွင် ကျင်းပခဲ့သည့် (၂၄) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးမှတ်တမ်း**

**ရည်ရွယ်ချက်**

၁။ (၂၄) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးအား အောက်ပါရည်ရွယ်ချက်များကို အဓိက ထား၍ ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည် -

- September လတွင် လာရောက်ခဲ့သည့် IA visit နှင့် 5th report အတွက် အချက်အလက်များ တောင်းခံရရှိမှု အခြေအနေများ ရှင်းလင်းတင်ပြရန်
- ဆဌမနှင့်သတ္တမအကြိမ်အစီရင်ခံစာ ကိစ္စရပ်နှင့်ပတ်သက်၍ Technical and Reporting sub-committee မှ ဆုံးဖြတ်ချက်ချမှတ်ခဲ့သည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ နောက်ဆုံးအခြေအနေများအား တင်ပြခြင်းနှင့် အတည်ပြုချက်တောင်းခံရန်၊
- Cost – extension နှင့် Budget ကို ပြန်လည်ခွဲဝေနေရာ ချထားရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းနှင့် အတည်ပြုချက် တောင်းခံရန်၊ Future Fund Raising နှင့်ပတ်သက်၍ တင်ပြရန်
- Extractive Sector SOEs Reform 2nd workshop နှင့် Contract Transparency Awareness Training များနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေများ ရှင်းလင်းတင်ပြရန်
- မြန်မာနိုင်ငံ EITI လုပ်ငန်းအစီအစဉ် (Work Plan) နောက်ဆုံး အခြေအနေများအား ရှင်းလင်းတင်ပြရန်
- Post validation နှင့် ပတ်သက်၍ Corrective action များ အကောင်အထည်ဖော်ရန်အတွက် ဦးစားပေးလုပ်ငန်းစဉ်များအား ဆွေးနွေးရန်
- မြန်မာနိုင်ငံ EITI အစုအဖွဲ့ အကောင်အထည်ဖော်ဆောင်မှုနှင့် ပတ်သက်၍ ဆွေးနွေးရန်
- Mining Cadastre ဆိုင်ရာ နောက်ဆုံးအခြေအနေများ ရှင်းလင်း တင်ပြရန်
- Beneficial Ownership နှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေ များ ရှင်းလင်းတင်ပြရန်
- 4th report launch နှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေ များ၊ NU နှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးရန်

**အစည်းအဝေးတက်ရောက်သူများ**

၂။ အစည်းအဝေးသို့ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစိုးရကိုယ်စားလှယ် (၇) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၆) ဦး၊ အရပ်ဘက်အဖွဲ့အစည်းများ ကိုယ်စားလှယ် (၈) ဦး၊ MOBD နှင့် ဌာနဆိုင်ရာများမှ (၈) ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ကိုယ်စားလှယ် (၇)ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ (၁၇) ဦး၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (၆) နှင့် အခြားလေ့လာသူ (၁၀) ဦး၊

စသဖြင့် စုစုပေါင်း (၇၀) ဦး (ကျား - ၅၀ ဦး၊ မ - ၂၀ ဦး) တက်ရောက်ခဲ့သည်။ တက်ရောက်သူစာရင်း အသေးစိတ်အား နောက်ဆက်တွဲ (၁) တွင် ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းမှ အဖွင့်အမှာစကားပြောကြားခြင်း**

၃။ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ် SNU များမှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများအား မင်္ဂလာပါဟု နှုတ်ခွန်းဆက်ပါကြောင်း၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် Addidas Ababa ၌ ကျင်းပခဲ့သည့် ဘုတ်အဖွဲ့ အစည်းအဝေး၌ မြန်မာနိုင်ငံအား Meaningful Progress ရရှိခဲ့ပါကြောင်း၊ အဆိုပါရလဒ်သည် အားလုံးကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့အတွက် ယခင်ဦးဆောင်ကော်မတီမှ တာန်ရှိသူများ၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ၊ လုပ်ငန်းခွဲကော်မတီ၊ ဌာနများ၊ မိတ်ဖက်အဖွဲ့ အားလုံးကို ကျေးဇူးတင်ပါကြောင်း၊ ထို့အပြင် ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့် Corrective Action ၁၂ ချက်အား ဒုတိယ Validation မတိုင်မီပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ထို့နောက် အစိုးရကူးပြောင်းကာလတွင် ရပ်တန့်မသွားရန် EITI Implementation Structure ပြင်ဆင်ဆောင်ရွက်ခြင်းနှင့်ဘဏ္ဍာငွေများ ထပ်မံလိုအပ်သေးကြောင်း၊

၄။ BO လုပ်ငန်းစဉ်အတွက်လည်း BO Presidential Notifcation ထွက်ရှိထားပြီးဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်အတွက် အချက်အလက်များကောက်နေကြောင်း၊ ထို့အတွက် DICA ၊ NRGI တို့နှင့် ပူးပေါင်း ဆောင်ရွက်နေကြောင်း၊ ယနေ့အစည်းအဝေး၌ ဆဋ္ဌမနှင့် သတ္တမအကြိမ်အစီရင်ခံစာ၊ Mining Cadaster ကိစ္စရပ်များ၊ Work Plan နှင့် Grant Cost Extension ကိစ္စရပ်များ၊ Report Launch အခမ်းအနားများနှင့် SNU ဖွဲ့စည်းခြင်းကိစ္စများအား ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ Corrective Action များအတွက် အချိန်ကန့်သတ်ချက်ရှိကြောင်း၊ အဆိုပါကိစ္စရပ်များ အကောင်အထည်ဖော်နိုင်ရန် အားလုံးဝိုင်းဝန်း ကူညီပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

**ဝန်ထမ်းအသစ်များမိတ်ဆက်ခြင်း**

၅။ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးတွင် ခန့်ထားသည့် ဝန်ထမ်းအသစ်များဖြစ်သည့် စီမံကိန်းမန်နေဂျာ၊ Beneficial Ownership Coordinator ၊ Technical Officer ၊ Finance Officer တို့မှ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သို့ အသီးသီး မိတ်ဆက်စကားပြောကြားခဲ့သည်။

**(၂၃) MSG အစည်းအဝေးဆုံးဖြတ်ချက်များအကောင်အထည်ဖော်မှု**

၆။ (၂၃) ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်များအကောင်အထည်ဖော်မှုအခြေအနေများနှင့်ပတ်သက်၍ နည်းပညာကျွမ်းကျင်သူက ရှင်းလင်းတင်ပြရာ၌ သတ်မှတ်ထားသည့်အတိုင်း ရွေးချယ်ရေးကော်မတီအစည်းအဝေးအား ကျင်းပနိုင်ခဲ့ကြောင်း၊ ထို့နောက် ကနဦးရွေးချယ်ထား

သည့်အဖွဲ့နှင့် Skype Call ဆွေးနွေး ၍ နည်းပညာဆိုင်ရာနှင့် ဘဏ္ဍာရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း၊ ထို့နောက် BDO အဖွဲ့အား ပဉ္စမအကြိမ်မြောက် IA အဖြစ်ရွေးချယ်ခန့်အပ်ခဲ့ကြောင်း၊ IA ၏ ခရီးစဉ်သည်လည်း စက်တင်ဘာလကုန်မှ အောက်တိုဘာလ (၁၁) ရက်နေ့အထိ မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့များနှင့်တွေ့ဆုံ၍ အချက်အလက်တောင်းခံခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊

၇။ လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီအစည်းအဝေး (၃) ကြိမ် ကျင်းပခဲ့ပြီး ၃.၅ သန်းနှင့် ဒေါ်လာ ၅ သိန်းတို့အတွက် လုပ်ငန်းအစီအစဉ်များ လျာထားရေးဆွဲခဲ့ကြောင်း၊ (၄) ကြိမ်မြောက်အစီရင်ခံစာထုတ်ပြန်မှုနှင့်ပတ်သက်၍ ၇-၁၁-၂၀၁၉ ရက်နေ့ လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှုအစည်းအဝေး၌ မြန်မာ ဘာသာဖြင့်သာထုတ်ဝေရန်၊ Full Report အား အုပ်ရေ ၁၀၀၀ နှင့် Executive Summary အား အုပ်ရေ ၁၀၀၀ စသဖြင့်ဆုံးဖြတ်ခဲ့ကြောင်း၊ EITI စံနှုန်း ၂၀၁၉ ဘာသာပြန်အတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ Mining Decentralization Workshop အား အောက်တိုဘာလ ၂၃-၂၄ ၌ ကျင်းပခဲ့ပြီး လူဦးရေ (၁၆၉) ဦးဝန်းကျင်တက်ရောက်ခဲ့ကြောင်း၊ အစီရင်ခံစာမူကြမ်းများထွက်ရှိထားကြောင်း၊

၈။ အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကြမ်းအား MATA မှ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သို့ တင်ပြမည့်ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်မှ **အဆိုပါဥပဒေမူကြမ်းနှင့်ပတ်သက်၍ သဘောထားချက် (၂၂) ချက်ရှိကြောင်း၊ မိမိတို့အနေဖြင့် စာဖြင့် အသေးစိတ်တင်ပြမည်ဖြစ်ကြောင်း၊ အကျဉ်းချုပ်ပြောရမည်ဆိုပါက ဥပဒေကြမ်းသည် Contract Disclosure ကဲ့သို့သော EITI စံနှုန်းများနှင့် ဆန့်ကျင်နေကြောင်း၊ ဥပဒေတွင် လျှို့ဝှက်၊ ထိပ်တန်းလျှို့ဝှက်ဆိုပြီး နှစ်အလိုက်ကန့်သတ်ထားသည်များ ပါဝင်ကြောင်း၊ EITI ကို ဦးဆောင်နေသည်မှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဖြစ်သကဲ့သို့ ဤအမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဌာနသည်လည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်တွင်ရှိနေကြောင်း၊ ထို့ကြောင့် မူနှစ်မျိုးနှင့်ဝန်ကြီးဌာနဖြစ်နေပြီး ဆန့်ကျင်ဘက်သဘော သက်ရောက်နေကြောင်း၊ ထို့အပြင် အခြားစံနှုန်းများနှင့်လည်း တိုက်ဆိုင်သင့်ကြောင်း၊ ဥပဒေ၌ ဖွင့်ဟထုတ်ပြန်ရန်ကန့်သတ်ချက်တွင် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်သည့် Contract တွေမပါဟု တစ်ခါတည်းကန့်သတ်ထားသင့်ကြောင်း၊ ထို့အပြင် ဌာနအား စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအောက် တွင် မထားသင့်ကြောင်း၊ တကယ်လက်တွေ့တွင် အငြင်းပွားစရာဖြစ်လာမည်ဖြစ်ပြီး အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဌာနသည် သီးခြားလွတ်လပ်သည့်အဖွဲ့ဖြစ်သင့်ကြောင်း၊ ထို့အပြင် မှတ်တမ်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက် (Definition) သည် Public Definition နဲ့ကွဲလွဲနေကြောင်း၊ အများပြည်သူအားလုံးကြည့်ခွင့်မရှိ၊ လေ့လာခွင့်မရှိသည့် အခြေအနေဖြစ်မည်ဖြစ်ပြီး Open Assess မရကြောင်း၊**

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

**အားလုံးအကန့်အသတ်ရှိနေပြီး Open Assess အတွက် သီးခြားအပိုဒ်များ ထည့်သွင်းသင့်ကြောင်း၊ ဖြစ်နိုင်မည်ဆိုပါက အစကနေပြန်ရေးသင့်ကြောင်း၊ အဆိုပါမူကြမ်းသည် ၁၈၉၀ ဥပဒေအား အခြေခံထားပြီး လက်ရှိဒီမိုကရေစီအနှစ်သာရနှင့် မကိုက်ညီကြောင်း၊ အနှစ်ချုပ်အနေဖြင့် EITI သဘောသဘာဝနှင့် လုံးဝဆန့်ကျင်နေပြီး အချိန်ယူပြင်ဆင်ရန်** အကြံပြုပါကြောင်း စသဖြင့် ဆွေးနွေးတင်ပြခဲ့သည်။

၉။ Legal Review ToR နှင့်ပတ်သက်၍ လက်ရှိ ToR ဖြင့် လုံလောက်သည်ဟုထင်မြင်ကြောင်း၊ အနည်းငယ်ဖြည့်စွက်လိုက်မည်ဆိုပါက ပြည့်စုံမည်ဖြစ်ကြောင်း၊ ထို့အတွက် လိုအပ်သည့်နေရာများအား ပြင်ဆင်ဖြည့်စွက်ရန် ရေးသားပေးမည်ဖြစ်ကြောင်း အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက တင်ပြခဲ့သည်။

## (၂၃) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များ

**၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်** Horizon Lake View Resort၊ **နေပြည်တော်**

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက် ပြီးစီးမှုအခြေအနေ |
|---|---|---|
| ၁ | (၅) ကြိမ်မြောက် MEITI အစီရင်ခံစာအား ပြုစုရေးသားမည့် IA ငှားရမ်းသည့်လုပ်ငန်းစဉ်အရ Technical နှင့် Financial Proposal များ သုံးသပ်ရွေးချယ်နိုင်ရန်အတွက် Selection Sub-committee အစည်းအဝေးအား (၂၄-၈-၂၀၁၉) ရက်နေ့ မနက်ပိုင်းတွင် ကျင်းပရန် နှင့်<br><br>ရေရှည်လုပ်ငန်းအစီအစဉ် (Long Term Work Plan) နှင့် EITI Implementation Structure အပါအဝင် MEITI Work Plan အား အသေးစိတ်ဆွေးနွေးနိုင်ရန် Work Plan and Governance Sub-committee အစည်းအဝေးအား (၂၄-၈-၂၀၁၉) ရက်နေ့ နေ့လည်ပိုင်း၌ ကျင်းပရန် သဘောတူသည်။ | ဆောင်ရွက်ပြီးစီး။<br>IA အဖြစ် BDO အား ရွေးချယ်ခဲ့၊ Scoping Study ဆောင်ရွက်လျက်ရှိ၊<br><br>ဆောင်ရွက်ပြီးစီး။<br>WPG အစည်းအဝေး (၃) ကြိမ် ကျင်းပခဲ့ပြီး၊ ၁၃-၉-၂၀၁၉ ရက်နေ့နှင့် ၇-၁၁-၂၀၁၉ ရက်နေ့၌ ၃.၅ သန်းနှင့် ဒေါ်လာ ၅ သိန်းတို့၏ လုပ်ငန်းအစီအစဉ်များ ရေးဆွဲခဲ့။ |
| ၂ | (၄) ကြိမ်မြောက် MEITI အစီရင်ခံစာအား<br>• မြန်မာဘာသာပြန်ဆိုကာထုတ်ဝေရန်<br>• အနှစ်ချုပ်အစီရင်ခံစာအား မြန်မာဘာသာဖြင့် ထုတ်ဝေရန်၊ | ၇-၁၁-၂၀၁၉ ရက်နေ့ WPG ၌ မြန်မာဘာသာဖြင့်သာထုတ်ဝေရန်၊ Full Report အုပ်ရေ ၁၀၀၀၊ |

| | | |
|---|---|---|
| | • English ဘာသာဖြင့် ထုတ်ဝေရန်၊<br>• ယင်းကုန်ကျစရိတ်အတွက် MEITI Work Plan မှ ကျခံသုံးစွဲရန် သဘောတူသည်။ | Executive Summary ၁၀၀၀ စသဖြင့်ဆုံးဖြတ်ခဲ့ |
| ၃ | EITI Standard 2019 အား<br>• မြန်မာဘာသာပြန်ဆို၍ ထုတ်ဝေရန်၊<br>• English ဘာသာဖြင့် ထုတ်ဝေရန်၊<br>• ယင်းကုန်ကျစရိတ်အတွက် MEITI Work Plan မှ ကျခံသုံးစွဲရန် သဘောတူသည်။ | ဘာသာပြန်ဆောင်ရွက်လျက်ရှိ၊ |
| ၄ | (၄) ကြိမ်မြောက်အစီရင်ခံစာထုတ်ပြန်ကြေညာနိုင်ရန်အတွက် အခမ်းအနားအသေးစိတ်အား ဆွေးနွေးနိုင်ရန် Communication & Outreach Sub-committee အား (၂၃-၈-၂၀၁၉) ရက်နေ့တွင် ကျင်းပရန် သဘောတူသည်။<br>• မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်များ တွင် ယခုနှစ်အတွင်း SNU ဦးစားပေးဖွဲ့စည်းရန်အတွက် ဆွေးနွေးရန် | ဆောင်ရွက်ပြီးစီး၊<br>ပြန်/ဆက်အစည်းအဝေး၌ Report Launch ကိစ္စရပ်များ အသေးစိတ် ဆွေးနွေးခဲ့၊<br><br>၂၄-၈-၂၀၁၉ ရက်နေ့ WPG အစည်းအဝေး၌ ကချင်ပြည်နယ်တွင် SNU ဦးစားပေးဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့။ MATA မှ ကုန်ကျစရိတ် ကျခံမည်၊ Private Sector နှင့်သက်ဆိုင်သည့်ကုန်ကျစရိတ်များ အား MFMA မှ ကျခံမည်။ |
| ၅ | Mining Decentralization Briefing Workshop တစ်ခုအား NRGI နှင့် ပူးပေါင်းကျင်းပရန် သဘောတူသည်။<br>• စက်တင်ဘာလ ဒုတိယအပတ်တွင် ကျင်းပရန်<br>• ကုန်ကျစရိတ်နှင့်ပတ်သက်၍ MATA မှ တာဝန်ယူဆောင်ရွက်မည် | ဆောင်ရွက်ပြီးစီး။<br>အောက်တိုဘာလ (၂၃-၂၄) ၌ ကျင်းပခဲ့၊ တက်ရောက်သူ (၁၆၉) ခန့်ရှိ၊ အစီရင်ခံစာထွက်ရှိပါက ဆက်လက်ဖြန့်ဝေအစီရင်ခံတင်ပြသွားမည်ဖြစ်ပါသည်။ |
| ၆ | အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကြမ်းအား MATA မှ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သို့ တင်ပြမည် | |
| ၇ | Legal Review ToR နှင့်ပတ်သက်၍ ဆွေးနွေးရာတွင် MATA မှ ToR အား အချောသတ်ရာတွင် ကူညီမည် | ၇-၁၁-၂၀၁၉ ရက်နေ့ WPG အစည်းအဝေး၌ Nathan Associate နှင့် ညှိနှိုင်းဆွေးနွေးရန် ဆုံးဖြတ်ခဲ့။ |

| | | |
|---|---|---|
| ၈ | NCS ဝန်ထမ်းများအား ခန့်အပ်ရာတွင် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး (National Coordinator) မှ တာဝန်ယူဆောင်ရွက်ရန် | လစ်လပ်ဝန်ထမ်းများအား ခန့်ထားပြီးဖြစ်။ PM ၊ TO ၊ BO ၊ Finance Officer |

**ပဥ္စမအကြိမ်မြောက် အစီရင်ခံစာနှင့်ပတ်သက်၍ တိုးတက်မှုအခြေအနေများ တင်ပြခြင်း**

၁၀။ IA အနေဖြင့် မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး ဌာနများနှင့်တွေ့ဆုံခဲ့ကြောင်း၊ Contextual Information များရရှိထားပြီးဖြစ်ပြီး OGPD/MOGE နှင့် Treasury Department ကဲ့သို့ ဌာနအနည်းငယ် လောက်သာ အချက်အလက်အနည်းအကျဉ်းပေးရန် ကျန်တော့ကြောင်း၊ ယနေ့လည်း ပေးမည်ဟု ဆွေးနွေးထားကြောင်း၊ Scoping Study Report ဒီလရမည်ဖြစ်ပြီ နောက်လ MSG အစည်းအဝေးတွင် final report တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း၊

၁၁။ သစ်တောကဏ္ဍအစီရင်ခံစာများအတွက် IA မှ သက်ဆိုင်ရာဌာန များနှင့်တွေ့ဆုံခဲ့ပြီး အချက်အလက်များ တောင်းခံလျက်ရှိကြောင်း၊ မြန်မာ့သစ်လုပ်ငန်း (MTE) မှ အနည်းငယ်ပေးရန် ကျန်နေသေးကြောင်း စသဖြင့် နည်းပညာကျွမ်းကျင်သူက တင်ပြရာ၌ မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူက Production ၊ sale ၊ revenue စသည့်ဒေတာများ အကုန်ပေးထားပြီးဖြစ်ကြောင်း၊ နောက်ထပ်တောင်းခံထားသည့် တင်ဒါဇယားကဲ့သို့သော အနည်းငယ်သာ ကျန်တော့ကြောင်း၊ ကြန့်ကြာနေသည်မှာ NCS မှ Planning Department သို့စာပို့ပြီးတောင်းခံသည့်အတွက် အဆိုပါဌာနမှ အခြားဌာနများအား ထပ်မံဖြန့်သည့်အတွက် ကြန့်ကြာသွားခြင်းဖြစ်ပြီး ၇-၁၁-၂၀၁၉ ရက်နေ့မှ သိရှိရကြောင်း၊ အမြန်ဆုံးပေးနိုင်ရန် စီစဉ်မည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

၁၂။ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍနှင့်ပတ်သက်၍ Shwe Project မှာပါသည့် Loan Guarantee များအား IA မှလိုချင်သည့်အတွက် တောင်းခံထားကြောင်း၊ အဆိုပါဒေတာများကျန်နေသေးကြောင်း၊ ယနေ့ပေးမည်ဟု ပြောကြားထားကြောင်း၊ ထို့နောက် Scoping Timeline အား မေးမြန်းရာ၌ Technical Coordinator က Timeline အရ ယနေ့ ၈-၁၁-၂၀၁၉ ရက်နေ့တွင် မူကြမ်းပေးရမည်ဖြစ်ကြောင်း၊ ယခုအခြေအနေအတိုင်းဆိုပါက နောက်ကျနေပြီဖြစ်ကြောင်း၊ ကျန်ရှိသည့်ဌာနများက အမြန်ဆုံးပေးကြရန်နှင့် Timeline အမီပေးပို့နိုင်ရန် IA အား တိုက်တွန်းရမည်ဖြစ်ကြောင်း၊ အနောက်ကျဆုံးအနေဖြင့် Scoping Draft Report အား ၁၁-၁၁-၂၀၁၉ ရက်နေ့နှင့် IA ဘက်က အဆင်မပြေပါက MSG အား အစီရင်ခံညှိနှိုင်းရန်လိုအပ်ကြောင်း ကိုယ်စားလှယ်များက တိုက်တွန်းခဲ့သည်။

**(၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက် အစီရင်ခံစာများ ပြုစုရန် Timeline အခက်အခဲအခြေအနေများအား တင်ပြခြင်း**

၁၃။ ပြည်ထောင်စုအခွန်ကောက်ဥပဒေအရ (၆) ကြိမ်မြောက်အစီရင်ခံစာအနေဖြင့် ၁-၄-၂၀၁၈ မှ ၃၀-၉-၂၀၁၈ အတွင်းကာလဖြစ်ကြောင်း၊ အဆိုပါကာလသည် အစိုးရအတွက် (၆) လနှင့် အခြား Taxpayer များအတွက် (၁၂) လဖြစ်နေကြောင်း၊ ကုမ္ပဏီများအတွက် အဆိုပါကာလသည် အပြည့်အဝ အကျုံးမဝင်ကြောင်း၊ (၆) လနောက်ကျနေမည်ဖြစ်ကြောင်း၊ (၇) ကြိမ်မြောက် အစီရင်ခံစာအနေဖြင့် ၁-၁၀-၂၀၁၈ မှ ၃၀-၉-၂၀၁၉ ရက်အထိကာလဖြစ်ကြောင်း၊ အဆိုပါကာလသည် အစိုးရဌာနများအတွက် (၁၂) လဖြစ်ပြီး အခြား ကုမ္ပဏီများအတွက် (၆) လ ပြန်ဖြစ်သွားမည်ဖြစ်ကြောင်း၊ (၈) ကြိမ်မြောက်အစီရင်ခံစာဆိုပါက အစိုးရအတွက် (၁၂) လ နှင့် အခြားကုမ္ပဏီများနှင့် Taxpayer များအတွက် ၁၂ လဖြစ်ပြီး ထိုအချိန်ကျမှ အပြည့်အဝတိုက်ဆိုင်၍ ရနိုင်မည်ဖြစ်ကြောင်း နည်းပညာကျွမ်းကျင်သူက တင်ပြခဲ့သည်။

၁၄။ အစိုးရဌာနများနှင့် SOEs များ၏ ဘဏ္ဍာရေးနှစ်တူညီကြောင်း၊ အခြား Taxpayer များအတွက်သာ မတူညီသေးကြောင်း၊ ၆ ကြိမ်မြောက်သည် Mini Budget ဖြစ်သည့်အတွက် Unilateral ဆောင်ရွက်၍ ရနိုင်ကြောင်း၊ international Secretariat ကိုဆက်သွယ်ခဲ့ကြောင်း၊ ၎င်းတို့ထံမှ တိကျသည့်အဖြေမရခဲ့ကြောင်း၊ ဥပဒေအပြောင်းအလဲရှိသည့်အတွက် ဘုတ်အဖွဲ့သို့စာရေးနိုင်ကြောင်း၊ ထို့အပြင် (၅) ကြိမ်မြောက် IA အား (၆) ကြိမ်မြောက်အတွက် Extend လုပ်၍ ရနိုင်၊ မရနိုင်နှင့် Procurement အခက်အခဲများလည်းရှိနိုင်ကြောင်း၊ ထို့ကြောင့် (၆) ကြိမ်မြောက်အား Unilateral ဆောင်ရွက်မည်လား (သို့) (၇) ကြိမ်မြောက်နှင့် (၆) ကြိမ်မြောက်အစီရင်ခံစာအားပေါင်း၍ Extend လုပ်မည်လား စသဖြင့် ဆွေးနွေးဆုံးဖြတ်ပေးပါရန် နည်းပညာကျွမ်းကျင်သူက တင်ပြခဲ့သည်။

၁၅။ စီမံကိန်းမန်နေဂျာကလည်း ပြီးခဲ့သည့် နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ၌ (၅) ကြိမ်မြောက် အစီရင်ခံစာ၏ Scoping Study အတွက် Data များ ပေးရန်ကျန်ရှိသော ဌာနများအနေဖြင့် Data Collection Deadline အတိုင်း အမြန်ဆုံးပေးပို့ရန်၊ Deadline အား ၈-၁၁-၂၀၁၉ ရက်နေ့သတ်မှတ်ခဲ့ကြောင်း၊ ထို့ကြောင့် ကျန်ရှိသည့်ဌာနများမှ ဒေတာများ အမြန်ဆုံးပေးကြရန် တိုက်တွန်းကြောင်း၊ ထို့နောက် (၆) ကြိမ်မြောက်အစီရင်ခံစာနှင့်ပတ်သက်၍ ဘုတ်အဖွဲ့ကို စာတင်မည်ဆိုပါက အမြန်ဆုံးတင်ရန်နှင့် March လအမီ ဘုတ်အဖွဲ့မှ ဆုံးဖြတ်ချက်ရရန်လိုအပ်ကြောင်း၊ ထို့ပြင် မိမိတို့အနေဖြင့် Correction Action များကိုလည်း Responsible Focals များဖြင့် သတ်မှတ်ဆွေးနွေးထားကြောင်း စသဖြင့် တင်ပြခဲ့သည်။

၁၆။ ထို့နောက် အရပ်ဘက်ကိုယ်စားလှယ်များက (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက်အား ပေါင်း၍ ထုတ်ပြန်ချင်ကြောင်း၊ (၇) ကြိမ်မြောက်အစီရင်ခံစာထုတ်ပြန်သည့်အချိန်၌ (၆) ကြိမ်မြောက်အတွက်

အစီရင်ခံစာကာလအပြည့်အဝရသင့်ကြောင်း၊ ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတာဝန်ရှိသူက ၂၀၁၈ ခုနှစ် Mini Budget ပြီးချိန်မှ Pre-Audit ပြုလုပ်ကြောင်း၊ စာရင်းကာလပြီးနောက် ၃ လခန့်မှစတင်၍ စစ်ဆေးကြောင်း၊ EITI အတွက်ဆိုပါက (၆) လခန့်အချိန်ယူပြီးစစ်ပေးကြောင်း စသဖြင့် တင်ပြခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း စက်တင်ဘာလ ၂၀၁၉ ကတည်းက စတင်ရမည်ဖြစ်ပြီး (၁၈) လစာ ဖြစ်နေသည့်အတွက် စောစီးစွာဆောင်ရွက်သင့်ကြောင်း ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ကိုယ်စားလှယ်များက (၆) ကြိမ်မြောက်အစီရင်ခံစာနှင့် (၇) ကြိမ်မြောက်အစီရင် ခံစာအား ပေါင်း၍ ထုတ်ပြန်ရန်၊ Extension အတွက် Request Letter အား EITI ဘုတ်သို့ MEITI Champion မှ အမြန်ဆုံး တင်ရန်၊ စာကြမ်းအား NCS မှ ပြုစု၍ MSG သို့ အမြန်ဆုံး တင်ပြရန် စသဖြင့် ဆုံးဖြတ်ခဲ့ကြသည်။

**Cost Extension နှင့်ပတ်သက်၍ MOBD မှ တင်ပြခြင်း**

၁၇။ EITI Phase II Grant အတွက် ၃.၅ သန်းဖြစ်ပြီး အဆိုပါဘက်ဂျက်မှ USD Account နှင့် MMK Account ဟူ၍ (၂) မျိုးရှိကြောင်း၊ USD Account အနေဖြင့် ကုန်အောင်မသုံးနိုင်သေးဘဲ ဒေါ်လာ ၉၅၀၀၀ မှ ၅၁၂၉၀ သာ သုံးသေးကြောင်း၊ MMK Account တွင် ၁၁၁၇၈၆၀ ဒေါ်လာရှိပြီး အသုံးပြုထားသည်မှာ ၉၄၉၉၀၄ ဒေါ်လာရှိကြောင်း၊ စုစုပေါင်း အသုံးပြုမှုတွင် အောက်တိုဘာလ ၃၁ အထိ ၁၉၇၀၆၈၃ ဒေါ်လာ (၅၆.၃၁%) ရှိကြောင်း၊ ၁၃၁၇၅၁ ဒေါ်လာ (၃၇%) ကိုတော့ မနုတ်ရသေးကြောင်း၊

၁၈။ Category 1 – MEITI တွင် ဒေါ်လာ ၂၅၆၄၀၀၀ (၅၅.၀၉%) ရှိပြီး BO Online Form ၊ Mining Software နှင့် ၅ ကြိမ်မြောက်အစီရင်ခံစာ IA တို့အတွက် မဖြစ်မနေ Commitment စရိတ်များပါဝင်ကြောင်း၊ NCS နှင့်ပတ်သက်၍ ဒေါ်လာ ၈၁၄၀၀၀ လျာထားပြီး NCS Operation Cost အား ၃၀-၉-၂၀၂၀ အထိ Commitment ထားထားကြောင်း၊ ကမ္ဘာ့ဘဏ်မှ Morten ၏ Mission လာရောက်ခဲ့ပြီး ၇-၁၁-၂၀၁၉ ရက်နေ့၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဒုတိယဝန်ကြီးမှ Morten ထံသို့ Cost Extension တင်ထားကြောင်း စသဖြင့် တင်ပြခဲ့သည်။

**Donor Consultation Group ဖွဲ့စည်းသည့်ကိစ္စအား တင်ပြခြင်း**

၁၉။ အဆိုပါအဖွဲ့အား ယခင်ကဖွဲ့စည်းထားကြောင်း၊ ဖွဲ့စည်းပြီးနောက် (၂၂) ကြိမ်မြောက် အစည်းအဝေး၌ ပြန်လည်ညှိနှိုင်းဖွဲ့စည်းရန် ဆွေးနွေးခဲ့ကြောင်း၊ ယခုဖွဲ့စည်းမှု၌ အရပ်ဘက်မှ (၂) ဦး၊ လုပ်ငန်းရှင် (၂) ဦး နှင့် FERD မှ ညွှန်ကြားရေးမှူးချုပ်တို့လည်း ထည့်သွင်းထားကြောင်း၊ လုပ်ငန်း ToR တွင် Implementation Structure နှင့်ပတ်သက်၍ ဆွေးနွေးရန်၊ ဖြစ်နိုင်သည့် Donor များနှင့်တွေ့ဆုံညှိနှိုင်း ရန်၊ ဖွဲ့စည်းပုံနှင့်ပတ်သက်၍ အကူးအပြောင်းကာလများတွင်

အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် အတွက်လည်း ဆွေးနွေးရန် စသဖြင့် ပါဝင်ထားကြောင်းတင်ပြခဲ့သည်။

၂၀။ အပိုဒ် (က) နှင့် (ဂ) တို့တွင် ဖော်ပြထားသည့် "အကူးအပြောင်း" နှင့် အစိုးရအပြောင်းအလဲ ကာလများတွင်" စသည့်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ရှင်းလင်းစေချင်ကြောင်း၊ ထို့ပြင် ယခုအဖွဲ့အနေဖြင့် MSG ကိုသာ အစီရင်ခံသင့်ကြောင်း စသဖြင့် ကိုယ်စားလှယ်များက မေးမြန်းဆွေးနွေး ခဲ့သည်။ ထို့နောက် MOBD မှတာဝန်ရှိသူက အဆိုပါအဖွဲ့၌ MSG ကိုယ်စားလှယ်များ ပါဝင်ပြီးသားဖြစ်ကြောင်း၊ Permanent Structure တည်ဆောက်နိုင်ပါက စဉ်ဆက်မပြတ်ဖြစ်လာမည်ဖြစ်ကြောင်း စသဖြင့် ပြန်လည် တင်ပြခဲ့သည်။

၂၁။ ကိုယ်စားလှယ်တစ်ဦးကလည်း အဖွဲ့၏ ဆွေးနွေးချက်များအား MSG သို့ တင်ပြီးမှသာ သက်ဆိုင်ရာ အစိုးရသို့ တင်ပြခြင်းသည်သာ ပိုအဆင်ပြေကြောင်း၊ MSG ကို အစီရင်ခံသည့်ပုံစံသာ ရေးသားသင့်ပြီး MSG ၏ သဘောတူညီချက်နှင့်အတူ ဆက်လက်ဆောင်ရွက်ရမည့်ပုံစံဖြစ်သင့်ကြောင်း ထောက်ပြ ခဲ့သည်။

၂၂။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Secretariat အနေဖြင့် မည်သည့် ဝန်ကြီးဌာနအောက်တွင် ရှိရှိ အစိုးရပြောင်းလဲပါက အချိန်မရွေးပျောက်ပျယ်သွားနိုင်ကြောင်း၊ Semi-government ပုံစံသာ သင့်တော်ကြောင်း၊ ထို့အပြင် ဝန်ထမ်းကိစ္စများ စဉ်းစားရမည်ဖြစ်ပြီး Financial Independency ကိုလည်း စဉ်းစားသင့်ကြောင်း ထောက်ပြခဲ့သည်။ Yagon Stock Exchange ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်၍ မြန်မာ့စီးပွားရေးဘဏ်နှင့် Japan Exchange Group တို့မှ ရှယ်ယာဖက်စပ်ဖြစ်ပြီး Shareholders များနှင့် Joint Venture ပုံစံဖြစ်ကြောင်းလည်း MOBD မှ တင်ပြခဲ့သည်။ ထို့နောက် အသေးစိတ်များအား Donor Consultation Group မှ ဆက်လက်ဆွေးနွေးရန် သဘောတူခဲ့ကြသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌမှ အမှာစကားပြောကြားခြင်း**

အစည်းအဝေးသို့တက်ရောက်လာကြသည့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကိုယ်စားလှယ်များ၊ တိုင်းဒေသ ကြီး/ပြည်နယ်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်လေ့လာ သူများအား လုံးအား မင်္ဂလာပါဟု နှုတ်ခွန်းဆက်သပါကြောင်း၊ ပြီးခဲ့သည့် အောက်တိုဘာလ ၁၆-၁၇ ရက်နေ့၌ အီသီယိုပီးယားနိုင်ငံ Addis Ababa တွင်ကျင်းပခဲ့သည့် (၄၅) ကြိမ်မြောက်ဘုတ်အဖွဲ့အစည်းအဝေးမှ မြန်မာနိုင်ငံအား Meaningful Progress သတ်မှတ်ခဲ့ကြောင်း၊ ထိုသတ်မှတ်မှုနှင့်အတူ Corrective Action များလည်း ပါဝင်ခဲ့ပြီး အဆိုပါအချက်များအား ၂၀၂၁ ဧပြီလ ၁၆ ရက်နေ့တွင် ဆောင်ရွက်မည့် Second

Validation မတိုင်မီဆောင်ရွက်ရန်နှင့် ညှိနှိုင်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း၊ ၂၀၁၉ စံနှုန်း၊ Mainstreaming ၊ Project Level Reporting နှင့် Contract Disclosure တို့အတွက် ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ (၅) ကြိမ်မြောက်အစီရင်ခံစာအား IA အဖြစ် BDO LLP မှ ဆောင်ရွက်နေပြီး အစီရင်ခံစာအား အချိန်မီပြီးစီးရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ BO Notification ကိုလည်း ၁၀၄/၂၀၁၉ ဖြင့် အောက်တိုဘာလ (၂) ရက်နေ့တွင်ထုတ်ပြန်ထားကြောင်း၊ (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက် အစီရင်ခံစာကိစ္စရပ်များအား နည်းပညာနှင့်အစီရင်ခံစာ၊ လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီတို့မှ ဆွေးနွေးခဲ့သည်ဟုသိရှိထားကြောင်း၊ အဆိုပါကိစ္စများအား ယနေ့အစည်းအဝေးတွင် ဆက်လက်အစီရင်ခံတင်ပြကြမည်ဖြစ်ကြောင်း၊ MDTF Fund Extension အား ၂၀၂၁ မတ်လအထိ ၃.၅ သန်းအား သက်တမ်းတိုးပေးထားကြောင်း၊ ထို့အပြင် နောက်ထပ်ရန်ပုံငွေအဖြစ် ၅ သိန်းခန့်ရရှိဖို့ သတင်းကောင်းကြားထားကြောင်း၊ ထို့အတူ Corrective Actions များထင်ဟတ်စေဖို့ Work Plan ရေးဆွဲရမည်ဖြစ်ကြောင်း၊ Implementation Structure အတွက် Emma ၏ report ရှိထားပြီးဖြစ်ပြီး Donor Consultation Group လည်းဖွဲ့ထားကြောင်း၊ Donor များထံကလည်း အကြံဉာဏ်များရနိုင်ကြောင်း၊ အဖွဲ့အစည်းအနေအထား၊ လိုအပ်ချက် စသည့်တို့စဉ်းစား၍ ရေရှည်အတွက် ဆွေးနွေးအဖြေထုတ်ကြရန် တိုက်တွန်းပါကြောင်း၊ Donor Consultation Group ကိုလည်း အဖွဲ့ဝင်တွေစုံစုံလင်လင်နဲ့ဖွဲ့စည်းထား၊ MSG အနေဖြင့်လည်း လုပ်ဆောင်ချက်များအား သိရှိရမည်ဖြစ်ကြောင်း၊ နောက်ဆုံးအနေဖြင့် Meaningful Progress ထက်ပိုမိုအဆင့်တက်ဖို့ကြိုးစားရန်နှင့် Post Validation အတွက် ပြင်ဆင်ထားကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

**ဆက်လက်ဆွေးနွေးခြင်း**

၂၃။ လက်ရှိအနေအထားအရ (၆) ကြိမ်မြောက်အစီရင်ခံစာသည် Reconciliation လုပ်လို့မရတဲ့အခြေအနေဖြစ်ကြောင်း၊ ထို့အစား အဆိုပါကာလ၌ Systematic Disclosure ကဲ့သို့ အခြားအကျိုးရှိသည့် အရာတစ်ခုခုဆောင်ရွက်ရန် အကြံပြုကြောင်း၊ threshold ဖြတ်ရန်အတွက် အခက်အခဲရှိမည်ဖြစ်ပြီး အားလုံးသုံးသပ်ကြည့်ကြရန် အစိုးရကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့သည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှတာဝန်ရှိသူကလည်း အချက်အလက်များ ကဏ္ဍ (၂) ခုလုံးမှ မရရှိပါက အစီရင်ခံစာ၏ အဓိပ္ပါယ် အထမမြောက်ကြောင်း၊ ရလဒ်မထွက်ကဲ့သို့ပင်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးက မိမိတို့ကုမ္ပဏီများအနေဖြင့် ၁-၄-၂၀၁၈ မှ ၃၁-၃-၂၀၁၉ အထိ စာရင်းများ ရေးဆွဲထားပြီးဖြစ်ပြီး ၁-၄-၂၀၁၉ မှ ၃၀-၉-၂၀၁၉ အတွက်လည်း ထပ်မံရေးဆွဲနေကြကြောင်း၊ လုပ်ငန်းရှင်များဘက်မှ အဆင်ပြေကြောင်း၊ အခြားလုပ်ငန်းရှင်တစ်ဦးကလည်း ၁၈ လစာဆိုပါက လုပ်ငန်းရှင်များအတွက်အဆင်ပြေကြောင်း၊ ပေါင်း၍ ထုတ်ရန် အကြံပြုကြောင်း၊ အစီရင်ခံစာကာလသည် (၂) နှစ်ထက်လည်း ပို၍ ကွာ၍မရကြောင်း၊ လက်ရှိအနေအထားအရ ပေါင်း၍ ထုတ်ရန် အရင်ဆုံးဖြတ်ထားသင့်ကြောင်းလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

၂၄။ ပြီးခဲ့သည့်အောက်တိုဘာလတွင် Nathan Associate နဲ့တွေ့ဆုံခဲ့ကြောင်း၊ အချက် (၄) ချက် တင်ပြခဲ့ကြောင်း၊ Validation Corrective Action (၁၂) ချက်တင်ပြခဲ့ကြောင်း၊ ထိုအထဲမှ Systematic Disclosure အကြောင်း တင်ပြခဲ့ကြောင်း၊ mainstreaming ညွှန်ကြားချက်များထွက်ထားကြောင်း၊ ၎င်းတို့မှ ဥပဒေအရ Legal Review လုပ်ဖို့လည်း စိတ်ဝင်စားသည်ဟု သိရှိခဲ့ရကြောင်း၊ သစ်တောကဏ္ဍ Reform များလည်း စိတ်ဝင်စားသည်ဟု သိရှိကြောင်း၊ အသေးစိတ် Proposal များနှင့် Work Plan များရေးရန်အတွက် Nathan ဘက်မှ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း စသဖြင့် တင်ပြခဲ့သည်။

၂၅။ Nathan Associate မှ တာဝန်ရှိသူကလည်း မိမိတို့အဖွဲ့အနေဖြင့် USAID funding ဖြစ်ပြီး TICA ဆိုသည့် စီမံကိန်းအား နောက် ၄ နှစ်ဆောင်ရွက်ရန် funding ရှိကြောင်း၊ EITI အတွက်လည်း ဘက်ဂျက်ရှိပြီး stakeholder များနဲ့ တွေ့ဆုံခဲ့ကြောင်၊ World Bank ၊ Oxfam တို့နှင့်တွေ့ဆုံခဲ့ကြောင်း စသဖြင့် တင်ပြခဲ့ သည်။ ထို့နောက် Oxfam မှလည်း NCS ကို ဆက်သွယ်လာခဲ့ကြောင်း၊ EU ထံမှ ၎င်းတို့အနေဖြင့် Grant ရထားပြီး SNU funding အတွက် နောက်အပတ်တွင် တွေ့ဆုံရန်စီစဉ်ထားကြောင်း နည်းပညာကျွမ်းကျင်သူက တင်ပြခဲ့သည်။

၂၆။ ထို့နောက် ဥက္ကဋ္ဌက Donor Consultation နှင့်ပတ်သက်၍ မည်သည့်အဖွဲ့နှင့်မဆို ကမ်းလှမ်းလာပါက တွေ့ဆုံနိုင်ကြောင်း၊ ထို့အဖွဲ့၏ ပထမအကြိမ်အစည်းအဝေးခေါ်သင့်ကြောင်း၊ အစည်းအဝေး၌Donor List ပြုစုရန်စီစဉ်ထားပြီး အများဆုံး တက်ရောက်နိုင်သည့်အနေအထားတွင် တွေ့ဆုံသင့်ကြောင်း၊ ပထမအကြိမ်အစည်းအဝေးတွင် တွေ့ဆုံဆွေးနွေးရာ၌ လုပ်ဆောင်မည့်အသေးစိတ် functions များအား သတ်မှတ်သင့်ကြောင်း စသဖြင့် ညွှန်ကြားခဲ့သည်။

၂၇။ ဒုတိယအကြိမ် တွင်းထွက်ကဏ္ဍ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရေး အလုပ်ရုံဆွေးနွေးပွဲ မတိုင်ခင် တွေ့ဆုံမှုများ ပြုလုပ်ခဲ့ကြောင်း၊ ၉-၉-၂၀၁၉ ရက်နေ့၌ မြန်မာ့သစ်လုပ်ငန်း နှင့် အကောက်ခွန်ဦးစီးဌာနတို့အား လည်းကောင်း၊ ၁၁-၉-၂၀၁၉ ရက်နေ့၌ သစ်တောဦးစီးဌာန၊ SEE/SOE ဌာနခွဲ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့တို့အား လည်းကောင်း၊ ၁၂-၉-၂၀၁၉ ရက်နေ့၌ စီမံကိန်းဦးစီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ မြန်မာ့ရေနံ နှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း၊ ရေနံ နှင့်သဘာဝဓါတ်ငွေ့စီမံရေးဦးစီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း တို့နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ အဆိုပါ တွေ့ဆုံဆွေးနွေးမှုများမှ Reform Matrix ပြင်ဆင်ထားကြောင်း၊ ဒီဇင်ဘာ ပထမအပတ်တွင် ကျင်းပရန်စီစဉ်ထား စသဖြင့် Technical Coordinator မှ တင်ပြခဲ့သည်။ ကိုယ်စားလှယ်များက အဆိုပါ တွေ့ဆုံမှုမှတ်တမ်းများ မျှဝေသင့်ကြောင်း ဆွေးနွေးခဲ့သည်။

၂၈။ Contract Transparency Workshop အား ဒီဇင်ဘာတတိယအပတ်တွင် ကျင်းပ ရန်စီစဉ်ထားပြီး NRGI မှ ကူညီမည်ဖြစ်ကြောင်း ညှိနှိုင်းရေးမှူးရုံးမှ တင်ပြခဲ့သည်။ ထို့နောက် SOE အတွက် တွေ့ဆုံဆွေးနွေးမှုများသည် Corrective Action များနှင့် ချိတ်ဆက်နေပါက ပိုကောင်းကြောင်း သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌမှ ဆွေးနွေးခဲ့သည်။ ထို့အပြင် National Achieve Law နှင့်ပတ်သက်၍ MSG တွေအနေနဲ့ ဆုံးဖြတ်ထားသင့်ပြီး အရေးကြီးဆုံးက ရည်ရွယ်ချက်ကိုထိမိဖို့အရေးကြီးကြောင်း၊ timeline နှင့်အတူ တကယ်အပြောင်းအလဲဖြစ်ရန်လိုအပ်ကြောင်း အရပ်ဘက်ကိုယ်စားလှယ်မှ တိုက်တွန်းခဲ့သည်။

၂၉။ အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကြမ်း၌ နိုင်ငံတော်အစိုးရနှင့်ချုပ်ဆိုသည့်စာချုပ်တိုင်း ဥပဒေအရ လုံခြုံမှုအဆင့်အတန်းသတ်မှတ်ပြီး ထိန်းသိမ်းထားရမည်ဖြစ်ကြောင်း၊ Open Assess မပါဝင်ကြောင်း၊ ထို့အတွက် အပိုဒ်တစ်ပိုဒ်ထည့်သွင်းသင့်ကြောင်း၊ EITI သဘောသဘာဝ နှင့်ထိပ်တိုက်ဆန့်ကျင်နေပြီး MOPF မှ မူ ၂ မျိုးလုပ်ဆောင်မည့်သဘောဖြစ်နေကြောင်း အရပ်ဘက်ကိုယ်စားလှယ်က ထပ်မံပြောကြားခဲ့သည်။

၃၀။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌမှလည်း သက်ဆိုင်ရာ ဆပ်ကော်မတီတွင်လည်း အသေးစိတ်ဆွေးနွေးသင့်ကြောင်း၊ တွေ့ရှိချက်အား MSG မှ ဝန်ကြီးဌာနသို့ စာရေးလို့ရကြောင်း၊ အချိန်တစ်ခု ပေး၍ ဆပ်ကော်မတီတွင်ဆွေးနွေးစေချင်ကြောင်း၊ MSG မှ ဝန်ကြီးဌာနနှင့် လွှတ်တော်သို့တင်ပြသင့်ကြောင်း အကြံပြုလမ်းညွှန်ခဲ့သည်။ ထို့နောက် ကိုယ်စားလှယ်များက ဥပဒေမူကြမ်းနှင့်အတူ သဘောထားချက် (၂၂) ချက်အား MSG သို့ ဖြန့်ဝေပြီး မှတ်ချက်တောင်းခံရန်နှင့် တစ်ပတ်အတွင်း အကြောင်းပြန်ကြားပေးရန် သဘောတူခဲ့သည်။

၃၁။ ပြီးခဲ့သည့် လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီအစည်းအဝေး၌ Systematic Disclosure Feasibility Study Consultant fees အတွက် Cost Extension (၅) သိန်းမှ သုံးစွဲနိုင်ခြင်း မရှိပါက NRGI နှင့် MATA တို့က ပံ့ပိုးနိုင်မှုရှိ၊ မရှိ ဆက်သွယ်မေးမြန်းရန် ဆွေးနွေးထားကြောင်း စီမံကိန်းမန်နေဂျာက တင်ပြခဲ့သည်။ Systematic Disclosure ၊ Legal Review တို့နှင့်ပတ်သက်၍ MATA မှ မိတ်ဖက်များနှင့်ချိတ်ဆက်၍ Consultant ရှာပေးလို့ရကြောင်း၊ In-kind သာပံ့ပိုးပေးနိုင်ကြောင်း၊ ငွေကြေးမထောက်ပံ့နိုင်ကြောင်း၊ ထို့အပြင် SNU ဖွဲ့စည်းခြင်းကိစ္စနှင့်ပတ်သက်၍ Commitment ၃ (ခ) လုပ်ထားကြောင်း၊ အဆိုပါဖွဲ့စည်းမှုများအတွက် လိုအပ်ပါက ပံ့ပိုးနိုင်ကြောင်း MATA မှ ရှင်းလင်းခဲ့သည်။

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

**ဒေါ်လာ ၅ သိန်း Work Plan ရှင်းလင်းတင်ပြခြင်း**

၃၂။ မန္တလေးတွင် ပြုလုပ်သည့် BO Online Form Walk In Section နှင့် နေပြည်တော်တွင် တွေ့ဆုံမည့်အစည်းအဝေးများသို့ လိုက်ပါသည့် DICA ၏ ဝန်ထမ်းခရီးစရိတ်နှင့်အသုံးစရိတ်များအား သုံးစွဲမှုနှင့်ပတ်သက်၍ သီးသန့်ဘက်ဂျက်လိုင်းမပါသဖြင့် ဤ ၅ သိန်း Work Plan တွင် Coordination Support Service အနေဖြင့် ထည့်သွင်းလျာထားကြောင်း၊ အဆိုပါ Work Plan တွင် Corrective Actions များအကောင်အထည်ဖော်ရန်လုပ်ငန်းများလည်း ထည့်သွင်းထားကြောင်း၊ ဘက်ဂျက်အား ဖြင့် ဒေါ်လာ ၅၅၄,၉၀၀ လျာထားသတ်မှတ်ထားကြောင်း၊ အချို့လုပ်ငန်းစဉ်များအား အခြားထောက်ပံ့သည့် အဖွဲ့ အစည်းများရှိပါကလည်း MEITI Budget နှင့် Other funded လိုင်းများခွဲခြားဖော်ပြနိုင်ကြောင်း စသဖြင့် စီမံကိန်းမန်နေဂျာက အကျဉ်းချုပ်တင်ပြခဲ့သည်။

၃၃။ ပြီးခဲ့သည့်လက ရှမ်းပြည်နယ်သို့ အစိုးရကိုယ်စားလှယ်၏ လုပ်ငန်းခရီးစဉ်၌ ခရီးစရိတ် အခက်အခဲ ဖြစ်ခဲ့သည်ဟု မိမိတို့သိရကြောင်း အရပ်ဘက်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့သည်။ ဖြစ်နိုင်မည်ဆိုပါက အစိုးရကိုယ်စားလှယ်များအတွက် EITI နှင့်ဆက်စပ်သည့်လုပ်ငန်းစဉ်အတွက် အသုံးစရိတ်များအား MEITI ဘက်ဂျက်မှ ကျခံသုံးစွဲသင့်ကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့သည်။

**Post Validation နှင့်ပတ်သက်၍ ဆွေးနွေးခြင်း**

၃၄။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်နေ့၌ ရလဒ်ထွက်ခဲ့ကြောင်း၊ Meaningful Progress ရရှိခဲ့ပြီး Corrective Actions များအား ဖြေရှင်းဆောင်ရွက်ရန် (၁၈) လ အချိန်ရကြောင်း၊ Corrective Actions (၁၂) ချက် အား တာဝန်ရှိသည့်ဌာနများအား သတ်မှတ်လျာထားထားပါကြောင်း၊ ယနေ့အစည်းအဝေး၌ အသေးစိတ်ဆက်လက်ဆွေးနွေးတင်ပြလိုကြောင်း စီမံကိန်းမန်နေဂျာက တင်ပြခဲ့ သည်။

၃၅။ ဆက်လက်၍ Corrective Actions (၁.၂) တွင် Military Affiliated Companies နှင့်ပတ်သက်၍ Private Member တစ်ဦးမှတဆင့် ချိတ်ဆက်ဆောင်ရွက်ရန် နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေးက ဆုံးဖြတ်ခဲ့ ကြောင်း၊ ၁.၃ Civic Space နှင့်ပတ်သက်၍ GAD မှ ဦးဆောင်ဆောင်ရွက်ရန်၊ ၂.၂ Rules on transfers of license နှင့်ပတ်သက်၍ လက်ရှိသတ္တုတွင်းနည်းဥပဒေများထွက်ရှိထားသောကြောင့် တိုးတက်မှု ရှိသည် ဟု ဆွေးနွေးထားကြောင်း၊ (၂.၆) SOEs Responsibility နှင့်ပတ်သက်၍ UMEHL နှင့် MEC တို့မှ အစိုးရပိုင် (သို့) ကုမ္ပဏီ ဆိုသည်ကို သတ်သတ်မှတ်မှတ်ခွဲခြားထားရန် လိုအပ်ကြောင်း၊ အဆိုပါ ၂.၆ နှင့်ပတ်သက်၍ အရပ်ဘက်ကိုယ်စားလှယ်များက ပြည်ထောင်စုလွှတ်တော်၏

အဆုံးအဖြတ်ခံယူ သင့်ကြောင်း အကြံပြုခဲ့သည်။ MEHL အနေဖြင့် SOE မဟုတ်ကြောင်း၊ Private Companies ဖြစ်ကြောင်း ပြန်လည်တင်ပြချင်ကြောင်း MEHL မှ တာဝန်ရှိသူက ရှင်းလင်းခဲ့သည်။ ထို့နောက် အရပ်ဘက်အဖွဲ့များအနေဖြင့် MEHL အား SOE ဟုသာသိရှိခံယူထားကြောင်း၊ ထို့အတွက် လုံလောက်သည့် ဆုံးဖြတ်ချက်အနေဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ဆုံးဖြတ်သင့် အကြောင်း အကြံပြုခဲ့သည်။

၃၆။ Corrective Action (၃.၂) Production volume and value နှင့်ပတ်သက်၍ MGE မှ ကဏ္ဍအလိုက် volume များသာရကြောင်း၊ တန်ဖိုးအလိုက်မရသေးဟုသိရှိကြောင်း၊ မော်လုပ်ကွက် အလိုက်ပေးနိုင်၊ မပေးနိုင် နှင့် Grading အလိုက်ပေးနိုင်၊ မပေးနိုင် စသဖြင့် ဆွေးနွေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့နောက် ဌာနတာဝန်ရှိသူမှ မော်လုပ်ကွက် အလိုက်ပေး နိုင်ကြောင်း၊ ၃.၃ Export data volumes and value နှင့်ပတ်သက်၍ Disclose လုပ်ရန်အချက်နှင့်ပတ်သက်၍ MGE မှ ဒေတာများ ရရှိသဖြင့် တိုးတက်မှု ရှိသည်ဟု ဆိုနိုင်ကြောင်း၊ (၄.၅) SOE/SEE transfer နှင့်ပတ်သက်၍ MOPF မှ OA ပိတ်သိမ်းရန် Procedures များနှင့်စပ်လျဉ်း၍ ဌာနများသို့ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များရှိကြောင်း၊ အဆိုပါညွှန်ကြားချက်အား Post Validation အတွက် တင်ပြလိုက်ပါက တိုးတက်မှုရှိနိုင်ကြောင်း၊ (၅.၁) extractive revenues not recorded in national budget နှင့်ပတ်သက်၍ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (SOE/SEE ဌာနခွဲ) အား ဦးဆောင်ဌာနအနေဖြင့် ထည့်သွင်းထားကြောင်း၊ OA များအား ပိတ်သိမ်းထားပြီး ၂၀၁၈-၁၉ နှင့် ၂၀၁၉-၂၀ ဘက်ဂျက်အစီရင်ခံစာများတွင် ပါဝင်လာမည်ဖြစ်သဖြင့် တိုးတက်မှုရှိကြောင်း၊ (၆.၁) Social Expenditures များနှင့်ပတ်သက်၍ (၅) ကြိမ်မြောက်အစီရင်ခံစာ၏ Template တွင်ထည့် သွင်းထားသဖြင့် အစီရင်ခံစာ၌ ပါဝင်လာမည်ဖြစ်ကြောင်း စသဖြင့် စီမံကိန်းမန်နေဂျာမှ အကျဉ်းချုပ်တင်ပြခဲ့သည်။

၃၇။ ရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Other account ဖျက်သိမ်းပြီးနောက် မည်ကဲ့သို့ ရှင်းလင်းလွှဲပြောင်းသည့် ဖြေရှင်းချက်များ ပေးသင့်ကြောင်း၊ ပိတ်သိမ်းသည့်လုပ်ငန်းစဉ်၊ စာရင်းဇယားများ၊ ယခင် Other account သို့ ဝင်သည့်လမ်းကြောင်းများနည်းတူ အခြားစီမံခန့်ခွဲသည့်ပုံစံများ စသည်တို့ကို သေချာစွာရှင်းလင်းထားရန်လိုအပ်ကြောင်း အကြံပြုခဲ့သည်။

၃၈။ QFE နှင့်ပတ်သက်၍ ယခင်တွေ့ဆုံမှုများအရ MGE နှင့် MOGE ရော မရှိဟု အကြောင်းပြန်ထားကြောင်း၊ သို့သော် အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်အခြား ရှင်းလင်းချက် များလိုအပ်ကြောင်း နည်းပညာအကြံပေးမှ အကြံပေးခဲ့ပြီး အရပ်ဘက်ကိုယ်စားလှယ် တစ်ဦးကလည်း ဌာနမှတရားဝင်စာရှိရင် အဆိုပါစာနှင့် Post Validation Team ကိုပေးသင့်ကြောင်း၊ အဓိပ္ပာယ်ရှင်းလင်းချက် သေချာရှင်းလင်းဖို့လိုအပ်ကြောင်း အကြံပြုခဲ့ပြီး နည်းပညာအကြံပေးကလည်း QFE မရှိဟုဆိုသော်လည်း QFE function ဖြစ်နေသည့် အတွက် ဌာနများနှင့်

ပွင့်ပွင့်လင်းလင်းဆွေးနွေးရန်လိုအပ်သေးကြောင်း၊ Dialogue များလိုအပ် သေးကြောင်း ထပ်မံတင်ပြခဲ့သည်။

၃၉။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဥက္ကဌမှလည်း Other account အား အောက်တိုဘာလ (၁) ရက်နေ့မှစ၍ ပိတ်သိမ်းကြောင်း စာထွက်ပြီးဖြစ်ကြောင်း၊ ပိတ်သိမ်းသည့်နှစ်အစီရင်ခံစာ တွင်ပါမည်ဖြစ်ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘက်ဂျက် အစီရင်ခံစာ တွင်ပါထားကြောင်း ရှင်းလင်းခဲ့ပြီး ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံးတာဝန်ရှိသူကလည်း ဌာနများ၏နှစ်ချုပ်များရရှိပြီးနောက် OA စာရင်းများ စာရင်းစစ်သည့်အခါ သိရှိရမည်ဖြစ်ကြောင်း၊ ဒုတိယနှင့်တတိယအကြိမ် EITI အစီရင်ခံစာများ၌ OA နှင့်ပတ်သက်၍ ရှင်းလင်းချက်များပါဝင်ခဲ့ကြောင်း၊

၄၀။ OA နှင့်ပတ်သက်၍ စာရင်းအရသာဝင်ခြင်းဖြစ်ကြောင်း၊ အောက်တိုဘာလ (၁) ရက်နေ့ကစ၍ ပိတ်သိမ်းပြီးဖြစ်ကြောင်း ဥက္ကဌမှ ထပ်မံဆွေးနွေးခဲ့ပြီး အစိုးရနှင့် SOE များ၏ ရရန်ရှိနှင့်ပေးရန်ရှိ များ ပြန်လည်ရှင်းလင်းရန်လိုအပ်ကြောင်း၊ MOPF မှ ဌာနအားလုံးကို ညွှန်ကြားချက် တရားဝင်ထုတ်ပေးထား ရှိကြောင်း၊ EITI ကိုလည်းပေးနိုင်ကြောင်း ဆွေးနွေးခဲ့သည်။

၄၁။ (၁.၃) Civic Space နှင့်ပတ်သက်၍ ဆွေးနွေးရာ၌ (၂၂) ကြိမ်မြောက်အစည်းအဝေး၌ ကော်မတီ တစ်ခုဖွဲ့ စည်းရန်ဆွေးနွေးခဲ့ကြောင်း၊ ထို့အတွက် ToR တစ်ခု ယခင်ကပြင်ဆင်ထားကြောင်း၊ သို့သော် မတင်ပြနိုင်ခဲ့ကြောင်း၊ အဆိုပါ ToR တွင် ကော်မတီအနေဖြင့် Civic Space နှင့်ပတ်သက်၍ လက်ရှိ အခြေအနေများအား သုံးသပ်ရန်၊ နိုင်ငံတကာတွင် ကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်းများအား လေ့လာဆန်းစစ်ရန်၊ ရေရှည်တွင် သယံဇာတကော်မရှင်ဖွဲ့စည်းရန်အတွက် ဆွေးနွေးထားရန် စသည်တို့ ပါဝင်ပြင်ဆင်ထားကြောင်း နည်းပညာကျွမ်းကျင်သူက တင်ပြခဲ့ပြီး အရပ်ဘက်ကိုယ်စားလှယ် တစ်ဦးနှင့် လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း Grievance Mechanism ပတ်သက်၍ လိုအပ်ကြောင်း၊ ဥပဒေ မထွက်ရှိသေးသဖြင့် ထို့အတွက် ရေရှည်တွင် အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်ကြောင်း၊ Corrective Action အတွက် အချိန်တိုအတွင်းဖြေရှင်းစေချင်ကြောင်း၊ အချို့တိုင်း/ပြည်နယ်များတွင် CSO များအတွက် ခွင့်ပြုချက် ရက်ကြိုတင်ရခြင်း၊ (၁၀) ရက်ကြိုတင်နေရပြီး ငြိမ်းစုစီဥပဒေတွင်ပင် (၃) ရက်သာ ကြိုတင်ရသည့်အတွက် ဒီအချက်သည်အရေးကြီးကြောင်း ကိုယ်စားလှယ်များက ဆွေးနွေးခဲ့သည်။

၄၂။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) ကလည်း အချို့ တိုင်း/ပြည်နယ်တွင် လုပ်ငန်းကြန့်ကြာ နေခြင်းများ ရှိကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဘက်က ခွင့်ပြုပေးထားပြီးဖြစ်သော်လည်း တိုင်း/ ပြည်နယ်များတွင် အစိုးရအဖွဲ့များ၏ အကြောင်းချင်းရာအတိုင်းသာ ဆောင်ရွက်ကြ

ခြင်းဖြစ်နိုင်ကြောင်း၊ ဌာနအနေဖြင့် ခွင့်ပြုချက်ပေးထားပြီး ထိတွေ့မှုများများလိုအပ်ကြောင်း နှင့် အသေးစိတ် issues များရှိနိုင်ကြောင်း ထောက်ပြဆွေးနွေးခဲ့သည်။

၄၃။ CSO ဘက်မှတင်ပြထားပြီးဖြစ်ကြောင်း၊ အစိုးရ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲတွင် ၁.၃ နှင့်ပတ်သက်၍ ဘာသာပြန်ဆိုထည့်ပေးရန် တိုက်တွန်းတင်ပြခဲ့ပြီးဖြစ်ပါကြောင်း စသဖြင့် ဆွေးနွေးခဲ့ပြီး (၁.၃) နှင့်ပတ်သက်၍ GAD ကို ဦးဆောင်ပေးရန် တိုက်တွန်းကြောင်း၊ ကျစ်လစ်သည့် Task Force တစ်ခု ဖွဲ့ရန်နှင့် Task Force ၌ GAD အား ဦးဆောင်၍ တိုင်း/ပြည်နယ်အစိုးရများသို့ မည်ကဲ့သို့ချဉ်းကပ်မည်ကို ဆက်လက်ဆွေးနွေးကြရန် စသဖြင့် ဆွေးနွေးခဲ့သည်။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌကလည်း ဖွဲ့စည်းမည့်အဖွဲ့မှ လေ့လာသုံးသပ်၍ MSG မှတစ်ဆင့် MOPF သို့ဆက်လက်တင်ပြ၍ ပြည်ထောင်စုသို့ တစ်ဆင့်တက်ရန် အကြံပြုခဲ့ပြီး Political Decentralization အရလည်းအကျုံးဝင်သွားမည်ဖြစ်ကြောင်း စသဖြင့် အကြံပြုခဲ့သည်။

**Mining Cadaster နှင့်ပတ်သက်၍ တိုးတက်မှုအခြေအနေများတင်ပြခြင်း**

၄၄။ သတ္တုတွင်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က Mining Cadaster တည်ဆောက်ရန်အတွက် ကမ္ဘာ့ဘဏ်ထံမှ ဒေါ်လာ ၁ သန်းအထောက်အပံ့ရ ကြောင်း၊ Diagnostic Study ဆောင်ရွက်ထား ပြီးဖြစ်ကြောင်း၊ Pre-cadastre Mineral database နှင့် mapping cleansing များလည်း ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ Gemstone database လည်း ဆောင်ရွက်နေပြီး မြေပုံများသည် Comply မဖြစ်နေသေးကြောင်း၊ လက်ရှိ၌ MC Working Group ဖွဲ့ထားကြောင်း၊ သတ္တုတွင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေကြောင်း၊ ဒုတိယအဆင့် Mining Cadaster Phase II အတွက် EOI Company (၆) ခုမှလာရောက်လျှောက်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ (၂၄)မှ စတင်ခေါ်ခဲ့ကြောင်း၊ ကုမ္ပဏီ (၄) ခု အား selection ကော်မတီမှ ရွေးချယ်ခဲ့ကြောင်း၊ (၃) ခုထံမှ Financial Proposals များ ပြန်တင်ခဲ့ကြောင်း၊ ဇွန်လ (၂၄) ရက်နေ့တွင် ပထမအဆင့် ရွေးချယ်ခံရသည့်အဖွဲ့အတွက် ကမ္ဘာ့ဘဏ်မှ အတည်ပြုချက်ပေးခဲ့ကြောင်း၊ ဩဂုတ်လ (၂၈) ရက်နေ့တွင် Contract Negotiation လုပ်ခဲ့ကြောင်း၊ သို့သော် ဘဏ္ဍာရေးညှိနှိုင်းပြီးနောက် အဆိုပါအဖွဲ့ ၏ အဖွဲ့တွင်း ညှိနှိုင်းမှုများကိစ္စရပ်များ အဆင်မပြေသည့်အတွက် စာချုပ်ချုပ်ရန် အဆင်မပြေခဲ့သဖြင့် နိုဝင်ဘာလ (၆) ရက်နေ့တွင် ပထမရွေးချယ်ထားသည့်ကုမ္ပဏီအား မရွေးချယ်တော့ဘဲ ဒုတိယရွေးချယ်ထားသည့် ကုမ္ပဏီနှင့်ဆက်လက်ညှိနှိုင်းနေကြောင်း စသဖြင့် တင်ပြခဲ့သည်။

၄၅။ ၂၀၁၉ လကုန်တွင် စာချုပ်ချုပ်နိုင်မည် ဟုမျှော်လင့်ကြောင်း၊ ၂၀၂၀ ခုနှစ်အစောပိုင်းတွင် စတင်အလုပ်လုပ်နိုင်ပြီး ၂၀၂၀ ခုနှစ်ကုန်တွင် install ပြုလုပ်နိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ EITI Budget အနေဖြင့် ကမ္ဘာ့ဘဏ်မှ မတ်လ၊ ၂၀၂၁ ခုနှစ်အထိလည်း Grant extend လုပ်ထားသဖြင့် အဆိုပါကာလအတွင်း ပြီးစီးမည်ဟု မျှော်လင့်ရကြောင်း၊ လက်ရှိ Basis Map များအား Standardize

ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ Union Map များကို အခြေခံထားပြီး မြေတိုင်းဦးစီးဌာနမှလည်း မြေပုံများ ရရှိကြောင်း၊ WGS 84 နှင့်လည်း တစ်ခါတည်းချိတ်ဆက်သွားမည်ဖြစ်ကြောင်း စသဖြင့် တင်ပြခဲ့သည်။

၄၆။ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း အသစ်တည်ဆောက်သည့် Database များတွင် ပထမဒေတာများအကုန်ပါလာရန် တောင်းဆိုပါကြောင်း၊ Second phase စစချင်းပါလာရန်၊ ရှေ့လုပ်ကွက်များနှင့် ပြန်လည်ချိန်ညှိ၍ ပါလာပေးရန်အတွက် EITI မှလည်းတိုက်တွန်းပေးပါရန် တောင်းဆိုပါကြောင်း၊ လုပ်ကွက်ငယ်များမကျန်ခဲ့စေရန်အတွက် ဖုန်သတ်မှတ်ပေးထားဖို့လည်း တိုက်တွန်းပါကြောင်း ဆွေးနွေးခဲ့သည်။

၄၇။ Mining Decentralization Workshop ၏ မှတ်ချက်အရ မန္တလေး၊ စစ်ကိုင်း၊ ရှမ်း၊ ကချင်၊ တနင်္သာရီတိုင်းဝန်ကြီးများနှင့် MATA တို့တွေ့ဆုံညှိနှိုင်းရန်လည်း အကြံပြုထားကြောင်း၊ ထို့အတွက် တွေ့ဆုံနိုင်ရန်အတွက် အမြန်ဆုံးပြင်ဆင်ရန်လိုအပ်ကြောင်း၊ Workshop ၏ အစီရင်ခံစာအား အားလုံးစုစည်း၍ သက်ဆိုင်ရာ Stakeholders အားလုံးဆီသို့ မျှဝေပေးရန် အရပ်ဘက်ကိုယ်စားလှယ်များက တိုက်တွန်းခဲ့သည်။ ထို့နောက်အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက EMP နှင့်ပတ်သက်၍လည်း Zoning အလိုက် ရေးဆွဲဆောင်ရွက်ရန်အကြံပြုကြောင်းလည်း ဖြည့်စွက်ပြောကြားခဲ့သည်။

၄၈။ ဆက်လက်၍ ကိုယ်စားလှယ်တစ်ဦးက Cadastre ၏ Work Plan နှင့် အကြောင်းအရာများအား အဖွဲ့ဝင်များအား ပြန်လည်မျှဝေပေးရန်တောင်းဆိုရာ၌ ရွေးချယ်ခြင်းလုပ်ငန်းစဉ်များအားလုံးပြီးပါက မျှဝေမည်ဖြစ်ကြောင်း၊ Mining Cadaster Evaluation ကော်မတီအနေဖြင့် ညှိနှိုင်းဆောင်ရွက်သည့်အခါ လုပ်ငန်းစဉ်များအား သိရှိရမည်ဖြစ်ကြောင်းလည်း တင်ပြခဲ့သည်။ Contract Negotiations တွင် technically ဆွေးနွေးလို၍ မေးမြန်းခြင်းဖြစ်ကြောင်း အရပ်ဘက်ကိုယ်စားလှယ်မှ ပြန်လည်ဆွေးနွေးခဲ့သည်။ ကိုယ်စားလှယ်တစ်ဦးမှလည်း ဌာန (Department) တစ်ခုဖွဲ့ရန် တိုက်တွန်းသင့်ကြောင်း ဆွေးနွေးခဲ့ပြီး ထို့အတွက် မဖြစ်နိုင်ကြောင်းနှင့် Section တစ်ခုအနေဖြင့် ဝန်ကြီးရုံးအောက်တွင် ထားနိုင်ရန် ဆောင်ရွက်နေပြီး ထိုမှတစ်ဆင့် Small scale နှင့် medium scale လိုင်စင်များကို ပြည်ထောင်စုကိုတင်ပြဖို့လည်း စီစဉ်ထားကြောင်း တင်ပြခဲ့သည်။

**စတုတ္ထအကြိမ်မြောက်အစီရင်ခံစာထုတ်ပြန်ရန်နှင့် တိုင်းဒေသကြီး/ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းမှုအခြေအနေများအား တင်ပြခြင်း**

၄၉။ ၂၃-၈-၂၀၁၉ ရက်နေ့၌ ကျင်းပခဲ့သည် ပြန်ကြားရေးနှင့်ပြင်ပဆက်ဆံရေးလုပ်ငန်းခွဲကော်မတီ အစည်း အဝေးက အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနား (Report Launch) အား အနှစ်ချုပ်အစီရင်ခံ (မြန်မာဘာသာ) ဖြင့် ဦးစွာကျင်းပရန်၊ Press Conference အား အစီရင်ခံစာ Full Version

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

မြန်မာဘာသာဖြင့် ရန်ကုန်တွင် ကျင်းပရန်၊ ကယားပြည်နယ်တွင် SNU ဖွဲ့စည်းခြင်းနှင့်တွဲဖက်၍ ကျင်းပရန်စသဖြင့် ဆွေးနွေးခဲ့ပြီးနောက် ၁၃-၉-၂၀၁၉ ရက်နေ့၌ ကျင်းပခဲ့သည့် လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီအစည်းအဝေးမှ ကချင်ပြည်နယ်အား ဦးစားပေးဖွဲ့စည်းရန် ပြင်ဆင်ဆုံးဖြတ်ခဲ့ကြောင်း၊ အဆိုပါဖွဲ့စည်းမှုအတွက် ကုန်ကျစရိတ်များအား MATA မှ ကျခံပေးမည်ဖြစ်ပြီး လုပ်ငန်းရှင်များအတွက် ကုန်ကျစရိတ်များအား မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းချုပ်မှ ကျခံပေးမည်ဟုဆွေးနွေးခဲ့ကြကြောင်း၊ ထို့နောက် သစ်တောကဏ္ဍအစိုးရ (သို့)လုပ်ငန်းရှင် ကိုယ်စားလှယ်တစ်ဦးကိုလည်း အစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနား၊ Press Release တို့၌ Presentation နှင့် Panel section များတွင်ပါဝင်ရန်၊ ပြည်တွင်းအခွန်များဦးစီးဌာနအား Report Launch နှင့် Press Conference တို့၌ Panellist အနေဖြင့် ထည့်သွင်းဖိတ်ကြားရန်၊ Power Point များအား သက်ဆိုင်ရာကိုယ်စားလှယ်များထံမှ ကြိုတင်စုစည်း၍ NCS မှစိစစ်ရန် စသဖြင့် ဆွေးနွေး ဆုံးဖြတ်ခဲ့ကြောင်း စသဖြင့် ပြန်ကြားရေးတာဝန်ခံမှတင်ပြခဲ့သည်။

၅၀။ အစီရင်ခံစာအပြည့်အစုံအင်္ဂလိပ်ဘာသာအား Online Version ဖြင့်သာ ထုတ်ပြန်ရန်နှင့် မြန်မာဘာသာအား အုပ်ရေ ၁၀၀၀ ဖြင့် သော်လည်းကောင်း၊ အနှစ်ချုပ်အစီရင်ခံစာ မြန်မာဘာသာအား အုပ်ရေ ၁၀၀၀ ဖြင့်ထုတ်ဝေရန်၊ EITI Standard 2019 အား အင်္ဂလိပ်ဘာသာဖြင့် ၃၀၀၊ မြန်မာဘာသာဖြင့် အုပ်ရေ ၂၀၀၀ ထုတ်ဝေရန် စသဖြင့် ဆုံးဖြတ်ထားကြောင်း တင်ပြခဲ့သည်။ ထို့နောက် ကိုယ်စားလှယ်များက EITI Standard 2019 အား မြန်မာဘာသာဖြင့်သာထုတ်ဝေရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

၅၁။ ဆက်လက်၍ SNU ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ဖွဲ့စည်းခြင်းအခမ်းအနားများ၌ Presentation တင်ပြသည့်အခါ NCS မှ တင်ပြယုံဖြင့် မလုံလောက်ဘဲ သက်ဆိုင်ရာဌာနများက ၎င်းတို့၏ ပူးပေါင်းပါဝင်နေမှုများကို တင်ပြမှသာ တိုင်းဒေသကြီး/ပြည်နယ်များမှ ဌာနများက ပိုမိုသိရှိနားလည်နိုင်ကြောင်း၊ ထို့အတွက် SNU Formation ပြုလုပ်ရန်အတွက် Design တစ်ခုရေးဆွဲရန် လိုအပ်ကြောင်း၊ ပြည်သူပိုမိုနားလည်သည့်ပုံစံဖြင့်ဆောင်ရွက်ရန်လိုအပ်ကြောင်း ကိုယ်စားလှယ်များက တိုက်တွန်းလမ်းညွှန်ခဲ့သည်။ ဘာသာပြန်ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးရာ၌ အစီရင်ခံစာများနှင့် EITI Standard 2019 တို့အား ဘက်ဂျက်ရှိပါက အမြန်ဆုံးဆောင်ရွက်ရန်နှင့် EITI Standard 2019 ဘာသာပြန်ရသည့်အချိန်၌ ကချင်ပြည်နယ် SNU ဖွဲ့စည်းခြင်းအား ဆက်လက်ဆောင်ရွက်ရန်လည်း ဆွေးနွေးခဲ့သည်။

**မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးမှ နိဂုံးချုပ်စကားပြောကြားခြင်း**

၅၂။ ယနေ့အစည်းအဝေး၌ တက်တက်ကြွကြွဖြင့် အပြန်အလှန်ဆွေးနွေးပေးကြသည့်အတွက် ကျေးဇူးတင်ကြောင်း၊ နောင်တွင်လည်း အားလုံးလက်တွဲ၍ ညီညီညွတ်ညွတ်ဖြင့် ယခုအထက် ရလဒ်ကောင်းများ ရရှိရေး ကြိုးစားပေးကြရန်တိုက်တွန်းပြောကြားပါကြောင်း ပြောကြားခဲ့သည်။

## (၂၄) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်များ

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက် Rose Garden Hotel ၊ ရန်ကုန်

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ | ဆောင်ရွက်မည့်အချိန် |
|---|---|---|---|
| ၁ | (၆) ကြိမ်မြောက်အစီရင်ခံစာနှင့် (၇) ကြိမ်မြောက်အစီရင်ခံစာအား ပေါင်း၍ ထုတ်ပြန်ရန်<br>• Extension အတွက် Request Letter အား EITI ဘုတ်သို့ MEITI Champion မှ အမြန်ဆုံး တင်ရန်<br>• စာကြမ်းအား NCS မှ ပြုစု၍ MSG သို့ အမြန်ဆုံး တင်ပြရန် | NCS ၊ MEITI Champion | End of November |
| ၂ | Funding နှင့်ပတ်သက်၍ ဆက်သွယ်ကမ်းလှမ်းလာပါက Donor Consultation Group ကသာ ဦးဆောင်တွေ့ဆုံ ဆွေးနွေးရန်<br>• NCS ကိုလည်း ကမ်းလှမ်းလာပါက လက်ခံတွေ့ဆုံ၍ Donor Consultation Group သို့ တင်ပြရန်<br>• Donor Consultation Group ၏ ပထမဆုံး အကြိမ်အစည်းအဝေးအား ဒီဇင်ဘာလ (၂) ရက်နေ့၌ ကျင်းပရန် | NCS | |
| ၃ | အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကြမ်းအပေါ် MATA ၏ အကြံပြုမှတ်ချက် (၂၂) ချက်အား MSG သို့ဖြန့်ဝေ၍ သဘောထားမှတ်ချက်တောင်းခံရန်<br>• MSG မှ (၁) ပတ် အချိန်ယူ၍ သဘောထား မှတ်ချက် ပြန်လည်ပေးပို့ရန် | MSG ၊ NCS | |

| | | | |
|---|---|---|---|
| ၄ | EITI လုပ်ငန်းစဉ်နှင့်စပ်ဆက်သည့် လိုက်ပါရသည့် အစိုးရဝန်ထမ်းများ၏ ခရီးစရိတ်နှင့်အခြားစရိတ်များအား MEITI ဘက်ဂျက်မှ ကျခံသုံးစွဲရန် | | |
| ၅ | MATA မှ ပံ့ပိုးကူညီမည့် Systematic Disclosure Feasibility Study Consultant အတွက် အကြံပေး ပညာရှင်ချိတ်ဆက်ကူညီပေးခြင်း၊ SNU (၃) ခု ဖွဲ့စည်းခြင်း ကုန်ကျစရိတ်များ ကျခံသုံးစွဲမှုများအတွက် MSG ကဏ္ဍစုံကိုယ်စားလှယ် အားလုံးမှ သဘောတူသည်။ | MATA | |
| ၆ | Post Validation နှင့်ပတ်သက်၍ ဆွေးနွေးရာ၌ အောက်ပါ သဘောတူခဲ့သည် -<br><br>Validation နှင့်ပတ်သက်၍ ဆွေးနွေးရန်အဖွဲ့အား အောက်ပါအတိုင်း ပါဝင်ဖွဲ့စည်းရန် -<br>**သတ္တုကဏ္ဍ**<br>○ U Kyaw Thet (DOM) , U Khin Maung Han (MFMA)<br>**ကျောက်မျက်ကဏ္ဍ**<br>○ U Min Thu (MGE), U Zaw Bo Khant (MGJEA)<br>**ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ**<br>○ U Win Maw (OGPD), U Win Tin (TOTAL)<br>**အရပ်ဘက်ကဏ္ဍ**<br>○ U Naing Linn Htut, Daw Moe Moe Htun, U Thant Zin<br>**အခြားဌာနများ**<br>○ Daw Hla Hla Kyein (OAG), Daw Mu Mu Saw (IRD), Daw Wah Wah Htun (SEE, Budget)<br><br>• Corrective Action ၁.၃ နှင့်ပတ်သက်၍ GAD မှ ဦးဆောင်သည့် Task Force အား အမြန်ဆုံး | | |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

| | | | |
|---|---|---|---|
| | ဖွဲ့စည်းရန်၊ အဆိုပါအဖွဲ့၌ အောက်ပါအတိုင်း ပါဝင်ဖွဲ့စည်းရန် -<br>○ GAD<br>○ U Win Myo Thu (MATA)<br>○ U Ye Thein Oo (MATA)<br><br>ပထမအကြိမ် အစည်းအဝေးအား နိုဝင်ဘာလ (၁၅) ရက်နေ့၌ ကျင်းပရန်<br><br>Corrective Action ၁.၂ Military Affiliated Companies များနှင့်ပတ်သက်၍ UMEHL နှင့် MEC တို့ထံမှ တရားဝင်ရှင်းလင်းချက်တောင်းခံရန်၊ ပြည်ထောင်စု လွှတ်တော်မှ အတည်ပြုချက် ရယူရန်၊<br><br>Corrective Action ၂.၂ Rules on transfers of license နှင့် သတ္တုတွင်းနည်းဥပဒေများ၊ သတ္တုဥပဒေ ပြင်ဆင်ခြင်းနှင့် ကျောက်မျက်ဥပဒေများရှိသဖြင့် တိုးတက်မှုရှိ။<br><br>Corrective Action ၃.၂ Production data volume and value အတွက် ကျောက်မျက်ကဏ္ဍမှ မော်လုပ်ကွက် အလိုက် MGE ၏ value data များပေးပြီးဖြစ်သဖြင့် (၅) ကြိမ်မြောက် အစီရင်ခံစာ၌ ပါဝင်လာမည်။<br><br>Corrective Action ၄.၅ SOE/SEE transfer နှင့်ပတ်သက်၍ MOPF မှ OA ပိတ်သိမ်းရန် Procedures များနှင့်စပ်လျဉ်း၍ ဌာနများသို့ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အား Post Validation အတွက် တင်ပြရန်<br><br>Corrective Action ၆.၁ Social Expenditures နှင့်ပတ်သက်၍ (၅) ကြိမ်မြောက် အစီရင်ခံစာ၌ ထည့်သွင်း ပါဝင်ရန် | | |

| | | | |
|---|---|---|---|
| ၇ | ကချင်ပြည်နယ် SNU ဖွဲ့စည်းခြင်းအား ဒီဇင်ဘာလတွင် ဆောင်ရွက်ရန်<br>○ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့်ဆက်လက်ချိတ်ဆက်ဆောင်ရွက်ရန်<br>○ EITI Standard 2019 ဘာသာပြန်ထွက်ရှိမှုနှင့် ချိန်ညှိဆောင်ရွက်ရန် | | |
| ၈ | (၇) ကြိမ်မြောက် BO Task Force အစည်းအဝေးအား နိုဝင်ဘာလတတိယ အပတ်တွင်ပြုလုပ်ရန် | | |
| ၉ | SNU များနှင့်ပတ်သက်သော ဆောင်ရွက်ချက်များ ပိုမိုထိရောက်စေရန် အတွက် SNU Workshop Design အား NCS မှ ရေးဆွဲ၍ MSG သို့တင်ပြရန် | NCS ၊ MSG | |
| ၁၀ | Donor Consultation နှင့်ပတ်သက်၍ဆွေးနွေးရာတွင် SNU နှင့်စပ်လျဉ်းသည့် Agenda ထည့်သွင်းဆွေးနွေးရန် | Donor Consultation Group | |
| ၁၁ | EITI Standard 2019 အား English ဘာသာဖြင့်မထုတ်ဝေပဲ မြန်မာဘာသာဖြင့် သာထုတ်ဝေရန် | NCS | |

နောက်ဆက်တွဲ (၁) အစည်းအဝေးတက်ရောက်သူများစာရင်း (စုစုပေါင်း (၇၀) ဦး (ကျား - ၅၀ ဦး၊ မ - ၂၀ ဦး)

| စဉ် | အမည် | အဖွဲ့အစည်း | တာဝန် |
|---|---|---|---|
| ၁ | ဦးမောင်မောင်ဝင်း | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | MSG ဥက္ကဋ္ဌ |
| | အစိုးရကဏ္ဍကိုယ်စားလှယ် | | |
| ၂ | ဦးအေးမောင်ကြည် | GAD | Director |
| ၃ | ဦးဝင်းမော် | OGPD | DDG |
| ၄ | ဒေါ်လှလှကျိန် | OAG | Director |
| ၅ | ဦးကျော်သက် | DOM | DDG |
| ၆ | ဒေါ်ကြူကြူဝင်း | MGE | AGM |
| ၇ | ဒေါ်မူမူစော | IRD | Director |
| ၈ | ဦးစိုးရီ | MTE | AGM |
| | လုပ်ငန်းရှင်ကိုယ်စားလှယ် | | |
| ၉ | ဦးခင်မောင်ဟန် | MFMA | Chairman |
| ၁၀ | ဦးကျော်ထက်စိုး | Myanmar Yangtse Copper | Director/ Alternate MSG |
| ၁၁ | ဦးဇော်ဘိုခန့် | MGJEA | Vice Chairman |
| ၁၂ | ဦးသက်ဝင်းထွန်း | MGJEA | CEC |
| ၁၃ | ဒေါက်တာစိန်ဝင်း | MFPTMA | Chairman |
| ၁၄ | ဦးမျိုးဇော်ဦး | MPRL Exp | Director of Government & Public Affairs |
| | အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ် | | |
| ၁၅ | ဦးဝင်းမျိုးသူ | MATA | MSG |
| ၁၆ | ဦးရဲလင်းမြင့် | MATA | Alternate |
| ၁၇ | ဒေါ်မိုးမိုးထွန်း | MATA | MSG |
| ၁၈ | ဦးရဲသိမ်းဦး | MATA | MSG |
| ၁၉ | ဦးသန့်ဇင် | MATA | MSG |
| ၂၀ | ဒေါ်မီမီသိန်း | MATA | Alternate |
| ၂၁ | ဦးနိုင်လင်းထွဋ် | MATA | MSG |
| ၂၂ | ဦးအောင်ဘိုဘိုထက် | MATA | Alternate |
| | တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ | | |
| ၂၃ | ဦးစံငွေ | Taninthary SNU | Secretary |

| | | | |
|---|---|---|---|
| ၂၄ | ဦးစိုင်းသန်းဝင်း | Shan SNU | Member |
| ၂၅ | ဦးထွန်းဆန်း | Mandalay SNU | Secretary |
| ၂၆ | ဦးသန်းထွဋ် | Taninthary SNU | Secretary |
| ၂၇ | ဦးမာန်ဇာမြေမွန် | Sagaing SNU | Member |
| ၂၈ | ဦးသန့်ဇင်ဦး | Sagaing SNU | Alternate Member |
| ၂၉ | ဦးကျော်သူရိန်အောင် | Magwe SNU | Member |
| MOBD နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ | | | |
| ၃၀ | ဒေါ်ခင်ခင်လွင် | MOBD | Director |
| ၃၁ | ဒေါ်ခင်ပပခိုင် | MOBD | DD |
| ၃၂ | ဒေါ်ဖြူဖြူသန့် | MOBD | AD |
| ၃၃ | ဒေါ်မြမြတ်သန်း | MOBD | AD |
| ၃၄ | ဒေါ်ရီရီထွေး | DICA | DD |
| ၃၅ | ဦးဇော်ပိုင် | DICA | SO |
| ၃၆ | ဦးသက်နိုင်ထွန်း | GAD | DSO |
| ၃၇ | ဦးအောင်လွင် | IRD | AD |
| ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ | | | |
| ၃၈ | ဒေါ်တင်ဇာထွန်း | World Bank | Consultant |
| ၃၉ | ဒေါ်ကေသီခိုင် | US Embassy | Economic Specialist |
| ၄၀ | Shona Kirkwood | World Bank | Consultant |
| ၄၁ | Josephine Van Zanten | NRGI | Associate |
| ၄၂ | Daw Yu Yu Naing | DFID | Advisor |
| ၄၃ | Naw Show Ei Ei Tun | USAID/Nathan | DCOP |
| အခြားလေ့လာသူများ | | | |
| ၄၄ | ဦးကြူလှိုင် | KMPC (MEC) | AGM |
| ၄၅ | ဒေါက်တာအောင်ကျော်လှိုင် | MFMA | EC |
| ၄၆ | ဦးလှမျိုး | MEHL | GM |
| ၄၇ | ဦးတိုးလွင် | MEHL | AGM |
| ၄၈ | ဦးရွှေရဲဟန် | MCPWC | PC |
| ၄၉ | ဦးထူးအောင် | MATA | PC |
| ၅၀ | ဦးသိန်းလင်း | MEI | Translator |
| ၅၁ | ဒေါ်သန်းသန်းမြင့် | CAFT | Consultant |

| | | | |
|---|---|---|---|
| ၅၂ | ဦးမျိုးမင်းသန့် | MATA | PC |
| ၅၃ | ဦးဘုန်းပြေကျော် | MATA | PC |
| မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး | | | |
| ၅၄ | ဦးစိုးဝင်း | NCS | National Coordinator |
| ၅၅ | ဦးအောင်ခိုင် | NCS | Policy Development and Technical Advisor |
| ၅၆ | ဒေါ်နှင်းထက်ထက်အောင် | NCS | Programme Manager |
| ၅၇ | ဒေါ်ဇင်မာမြိုင် | NCS | Program and Technical Advisor |
| ၅၈ | ဦးထွန်းပေါ်ဦး | NCS | Technical Specialist |
| ၅၉ | ဦးနေမင်းမောင် | NCS | Technical Coordinator |
| ၆၀ | ဦးဇွဲစည်သူအောင် | NCS | BO Coordinator |
| ၆၁ | ဦးကျော်သင်းမောင် | NCS | Program Assistant |
| ၆၂ | ဒေါ်ထက်နန္ဒာအောင် | NCS | Senior Communication Officer |
| ၆၃ | ဦးစိုးသီဟနိုင် | NCS | Admin Officer |
| ၆၄ | ဒေါ်လဲ့လဲ့ဝင်းမောင် | NCS | Finance Officer |
| ၆၅ | ဦးဇင်ကိုကိုအောင် | NCS | Communication Officer |
| ၆၆ | ဦးဟိန်းထက်စိုး | NCS | Technical Officer |
| ၆၇ | ဦးတတ်ထွန်းဆိုင် | NCS | Admin Assistant |
| ၆၈ | ဦးမောင်မောင်မြင့်လွင် | NCS | IT Technician |
| ၆၉ | ဦးသန့်မြဝင်း | NCS | Intern |
| ၇၀ | ဦးမြတ်မင်းသူရ | NCS | Intern |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org